# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

May 13, 2019 Volume 19, Number 8


**၁၃.၅.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၈၄ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၅၃၀၀၀/ ကျပ် |
| ဒေါ်လာဈေး | = ၁၅၃၁ ကျပ် |
| CBM Rate | = ၁၅၃၇.၉ ကျပ် |
| ယူရို တစ်ယူရို | = ၁၇၂၇.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၂၄.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၀၀၀၅၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၇၂.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၃.၅၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၈၅၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၉.၆၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၉.၁၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၅၆၀ ကျပ် |

Source: CBM Rate, etrademyanmar.com

## ရှမ်းတွင် ချင်း(ဂျင်း) စိုက်ပျိုးမှု စီမံချက်စတင်မည်

ရှမ်းပြည်နယ် တောင်ပိုင်းရှိ ချင်း(ဂျင်း) အများဆုံး စိုက်ပျိုးသည့် မြို့နယ်များတွင် ချင်းစိုက်ပျိုးမှု စီမံချက် ကို ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ခုနှစ်အတွင်း အကောင်အထည် ဖော်သွားရန်ရှိကြောင်း ကလောနှင့် အောင်ပန်းမြို့နယ် ချင်းစိုက်ပျိုးထုတ်လုပ် ရောင်းဝယ်ရေးလုပ်ငန်းစုမှသိရသည်။



ယင်းလုပ်ငန်းစု ဈေးကွက်ရှာဖွေရေးနှင့် စီမံချက် မန်နေဂျာ ကိုစိုင်းမိုးသွင်က " ကိုယ့်ပွဲရုံကို လာရောင်းနိုင်မယ့် တောင်သူတွေနဲ့ချိတ်ဆက်တာ နည်းပညာကူညီတာ လိုအပ်ရင် ချေးငွေကူညီတာ သီးနှံ ထွက်လာရင်လည်း အနိမ့်ဆုံး ဈေးအောက် မကျအောင်ဝယ်ပေးတာ ဒါတွေကို လုပ်ငန်းစီမံချက်လေး ရေးဆွဲ ပြီးတော့ ဘယ်လိုအကောက်အထည်ဖော်မလဲ ဆိုတာချမှတ်သွားမယ်။ စစချင်း တော့ ကျေးရွာအများကြီး လုပ်နိုင်မှာမဟုတ်ဘူး တစ်ပိုင်တစ်နိုင်ပေါ့။ လမ်းပန်းဆက်သွယ်ရေးကောင်းမယ့် ကျေးရွာတွေဖြစ်ဖို့များတယ်။ ဒါကစီစဉ်နေတုန်းပါ။ နောက်တော့ကုန်သည်တွေအထိ ပူးပေါင်းလာအောင် ရည်ရွယ်လုပ်ဆောင်သွားမယ်ဟုပြောသည်။

အဆိုပါစီမံချက်တွင် တောင်သူများစုစည်းခြင်း ကျေးရွာအရောက် စိုက်ပျိုးထုတ်လုပ်မှုကို ကွင်းဆင်းလေ့လာခြင်း ချင်းတန်ဖိုးမြှင့်ထုတ်လုပ်နေခြင်းကို ချိတ်ဆက်လေ့လာခြင်း ပြည်ပတင်ပို့နေသည့် ချင်းအမျိုးအစားအလိုက် စိုက်ပျိုးနိုင်စေရန် ပံ့ပိုးခြင်းတို့ဆောင်ရွက်သွားမည်ဟုသိရသည်။ ထိုစီမံကိန်းမှ စိုက်ပျိုးစရိတ် ချေးငွေအကူအညီများ၊ နည်းပညာနှင့်မျိုးအကူအညီများ၊ ပညာပေးမှုများ၊ ဈေးကွက်ရှာဖွေရေးနှင့် အခြားပံ့ပိုးမှုများ ဆောင်ရွက်မည်ဟုသိရသည်။ မြန်မာနိုင်ငံတွင် ချင်း(ဂျင်း)ကို နေရာအနှံ့အပြား စိုက်ပျိုးနိုင်ပြီး ရှမ်းပြည်နယ် (တောင်ပိုင်း) တွင် အများဆုံးစိုက်ပျိုးသည်။ ချင်း(ဂျင်း) အများဆုံး စိုက်ပျိုးသောမြို့နယ်မှာ ပင်လောင်းနှင့် ကလောမြို့နယ်ဖြစ်ကြောင်း သိရပါသည်။ ကလောနှင့်ပင်လောင်းဒေသမှ ထွက်ရှိသော ချင်း(ဂျင်း)များကို အောင်ပန်းမြို့သို့ တင်ပို့ပြီး ၎င်းမှတစ်ဆင့် ပြည်တွင်းတင်ပို့မှုအဖြစ် ရန်ကုန်၊ စစ်တွေ၊ မန္တလေးနှင့် အခြားမြို့ဈေးကွက်များသို့ တင်ပို့လျက်ရှိသည်။ တောင်ပေါ်ဒေသနှင့် မြေပြန့်ဒေသအလိုက် အရည်အသွေး အနည်းငယ် ကွာခြားပါသည်။ ကလောဒေသမှထွက်သော ချင်း (ဂျင်း) သည် ကျစ်၍အသားမာပြီး အနံ့ပိုပြင်းပြီး မြေပြန့်ဒေသပေါက်သော ချင်း(ဂျင်း)သည် ကြီးမား၍ အသားပွပြီးအနံ့မပြင်းပါ။ သဲဆန်၍ပွသောနန်းမြေများတွင် လွန်စွာဖြစ်ထွန်းပြီး ရေမဝပ်စေဘဲ အစိုဓာတ်ကို အမြဲနှစ်သက်ကြောင်းသိရှိရသည်။

မြန်မာနိုင်ငံ၏ ချင်း(ဂျင်း) စိုက်ပျိုးမှု ဧကအနေဖြင့် နှစ်စဉ်စိုက်ဧက ၁၇၈၀၀ ခန့်၊ အထွက်နှုန်းမှာ ၂၄၄၀ ခန့်၊ အထွက်ပိဿာ ၄၃၅၀၀၀၀၀၊ တန်ချိန်အားဖြင့် ၇၁၁၀၀ ခန့်ဖြစ်ပါသည်။ သုံးစွဲမှု တန်ချိန်မှာ ၅၁၃၅၀ ခန့်ဖြစ်သည့် အတွက် ပိုလျှံမှုအနေဖြင့်တန် ၁၉၇၅၀ ခန့်ဖြစ်သည့်အတွက် ပြည်ပသို့ပိုမိုတိုးမြှင့်တင်ပို့နိုင်မည့် အလားအလာကောင်းများရှိကြောင်းသိရသည်။

မြန်မာနိုင်ငံ၏ ချင်း(ဂျင်း) စိုက်ပျိုးထွက်ရှိချိန်မှာ မတ်လ နှင့် ဧပြီတွင် မြေပြုပြင်ခြင်းများ ပြုလုပ်၍ မေလနှင့် ဇွန်လတို့တွင် စိုက်ပျိုးပါသည်။ ဇူလိုင်လနှင့်နိုဝင်ဘာလတွင် အပင်ပြုစုစောင့်ရှောက်ပြီး ဒီဇင်ဘာလနှင့် မတ်လတို့တွင် တူးဖော်ကြ သည်။ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသော ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့လည်း နယ်စပ်မှ အများအပြား တင်ပို့လျက် ရှိပြီး ချင်းစို၊ ချင်းခြောက် ပို့ကုန်လိုင်စင်လျှောက်ထားရာတွင် သီးခြားထောက်ခံချက်တင်ပြရန် မလိုသည့်အပြင် သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ လွယ်ကူမြန်ဆန်စွာ ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။ ပြည်ပ ဝယ်လက်ဈေးကွက်များလည်း ပုံမှန်ရှိနေပြီး ဈေးကောင်းရရှိနေသည့် ပို့ကုန်အမယ်ဖြစ်သည့်အတွက် ပိုမိုတိုးချဲ့စိုက်ပျိုး ထုတ်လုပ်သင့်ကြောင်း ကုန်သည်များကဆိုသည်။

**Source:** http://www.amiamyanmar.com/Detail.aspx?id=8019

## ဧရာဝတီတိုင်းတွင် နှမ်းစပါးတစ်ဧကအထွက်နှုန်း တိုးလာသော်လည်း စပါးဈေးကျဆင်းနေ

ဧရာဝတီတိုင်းဒေသကြီးတွင် ပြီးခဲ့တဲ့နှစ် နွေစပါးရာသီက တစ်ဧက ပျှမ်းမျှအထွက်နှုန်း ၉၆ဒသမ၃၂ တင်းနှုန်း သာ ထွက်ရှိခဲ့သော်လည်း ယခုနှစ် စပါးရိတ်သိမ်းပြီးချိန်တွင် တစ်ဧကလျှင် ပျှမ်းမျှအထွက်နှုန်း ၉၆ဒသမ၇၃ တင်းနှုန်းအထိ ထွက်ရှိနေသော်လည်း စပါးဈေးမှာ ကျပ် ၅ သိန်းအောက်ထိ ကျဆင်းနေသည့်အတွက် အခက်အခဲများ ဖြစ်ပေါ် နေကြောင်း တောင်သူများကဆိုသည်။

" ဒီနှစ်က နွေစပါးစိုက်တဲ့အားက အရမ်းများတယ်။ စိုက်နိုင်တာက ၁၀၀ ရာခိုင်နှုန်းဆိုရင် အခုစိုက်ထားတာက ၁၁၀ ရာခိုင်နှုန်းလောက် ဖြစ်နေတယ်။ အစိုးရနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က ငါးသိန်းဈေးအောက် မကျစေရဘူးလို့ တာဝန်ယူထားတော့ တောင်သူတွေက စိတ်ချယုံကြည်ပြီး စိုက်ကြတာဖြစ်တယ် " လို့ ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း (ARCCI) ဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်က ပြောပါတယ်။

လက်ရှိတွင် မျှော်မှန်းအထွက်နှုန်းထိ မရရှိသေးသော်လည်း အရင်နှစ်ကထက် အထွက်နှုန်း တိုးလာသည့်အပြင် ဧရာဝတီတိုင်း ဒေသကြီးထဲမှာ နွေစပါး စိုက်ဧကမှာလည်း ပြီးခဲ့သည့်နှစ်ကထက် တိုးချဲ့စိုက်ပျိုးထားပြီး ယခင် နှစ်က တိုင်းဒေသကြီးအတွင်း နွေစပါး စိုက်ဧက ၁၃သိန်း၈သောင်းကျော်သာ ရှိပေမယ့် အခုနှစ်မှာ စိုက်ဧက ၁၄ သိန်း၃သောင်းကျော်အထိ တိုးမြှင့်စိုက်ပျိုးထားကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန စာရင်းများ သိရသည်။

"နွေစပါးကို တင်းတစ်ရာ ထွက်ရမယ်လို့ မျှော်မှန်းထားပေမယ့် ရေသွင်းဖို့ အခက်အခဲတွေရှိတဲ့ လယ်တွေနဲ့ ဇရိယာ ကျယ်ကျယ်လုပ်တဲ့ လက်ကြီးတောင်သူတွေ ကေကြီးသမားတွေဆီမှာ အထွက်နှုန်းလျော့လို့ တင်းတစ်ရာနှုန်း ပျှမ်းမျှ မထွက်တာဖြစ်တယ် " လို့ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးဌာနမှူး ဦးစိန်မောင်မြင့်က ပြောသည်။

လက်ရှိတွင် ဧရာဝတီတိုင်းဒေသကြီး ဈေးကွက်အတွင်း စပါး ၄၆ ပေါင် တင်းတစ်ရာလျှင် လေးသိန်းခွဲနှင့် ငါးသိန်း အောက်မှာသာ အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။ လက်ရှိတွင် စပါးတင်းတစ်ရာလျှင် ငါးသိန်းအောက် ရောက် နေသော်လည်း ယရင်နှစ်ကထက် စိုက်ဧက တိုးလာပြီး အထွက်နှုန်းပါ တိုးလာခြင်းကြောင့် စိုက်ဧကအားလုံး ရိတ်သိမ်း ပြီးပါက ဧရာဝတီတိုင်း ဒေသကြီးတွင် ယရင်နှစ်ကထက် စပါးတင်းရေ သိန်းငါးဆယ်ကျော်ထိ ပိုမိုထွက်ရှိလာမည်ဟု တိုင်ဒဒေသကြီး စိုက်ပျိုးရေး ဦးစီးဌာနမှ မျှော်မှန်းထားသည်။

**Source:** http://www.amiamyanmar.com/detail.aspx?id=8020

## အကောက်ခွန်နှုန်းထား သုံးဆကျော်မြင့်တက်ခြင်းကြောင့် တရုတ်သို့တင်ပို့မည့် ပဲဈေးကွက်ရိုက်ခတ်နိုင်

တရုတ်နိုင်ငံကို တင်ပို့တဲ့ သီးနှံများရဲ့ အကောက်ခွန်မှာ သုံးဆကျော်အထိ မြင့်တက်သွားသဖြင့် ပဲဈေးကွက်အတွက် ရိုက်ခတ်မှုများဖြစ်ပေါ်နေကြောင်း သိရပါတယ်။ တရုတ်ကို တင်ပို့တဲ့ သီးနှံများအတွက် မြန်မာနိုင်ငံဘက်က ကောက်တဲ့ အကောက်ခွန်နှုန်းထားများမှာ မေလ ၁ ရက်နေ့မှစ၍ မြင့်တက်သွားခဲ့ခြင်းဖြစ်ပါတယ်။ အကောက်ခွန်များမှာ ယခင်က တစ်တန်ကို ကျပ် ၆၀၀၀ ရှိခဲ့ရာမှ မေလ ၁ ရက်နေ့က စတင်၍ ကျပ် ၂၁၄၀၀ သို့ မြင့်တက်သွားခဲ့တာဖြစ်ပါတယ်။ ထို့ကြောင့် တရုတ်ကို အဓိက တင်ပို့နေတဲ့ သီးနှံအချို့ဈေးနှုန်း အနည်းငယ် ကျဆင်းသွားကြောင်း သိရပါတယ်။

"ဂျူတီ (အကောက်ခွန်)က သုံးဆလောက် တက်သွားတယ်။ တက်တာက ရက်ပိုင်းပဲ ရှိသေးတဲ့အတွက် ဈေးကွက်အတွင်းမှာတော့ သိသိသာသာ ဖြစ်မလာသေးဘူး။ ဒီတစ်ရက်၊ နှစ်ရက်အတွင်းမှာတော့ သိသာလာမယ်။ ဈေးကွက်ကို ရိုက်ခတ်မှုရှိမှာ သေချာပါတယ်။ အခုလို အကောက်ခွန် သိသိသာသာ မြင့်တက်တာမျိုးကိုလည်း

အခုမှကြုံဖူးတာ၊ အရင်က မရှိခဲ့ပါဘူး" လို့ မန္တလေး ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း အတွင်းရေးမှူး ဦးကျော်သွင်ကပြောပါတယ်။

အခုလို အကောက်ခွန် မြင့်တက်လာခြင်းကို တရုတ်သို့ တင်ပို့နေတဲ့ ကုန်သည်များက စောင့်ကြည့်နေကြပြီး ဈေးကွက်အတွင်း ဖြစ်ပေါ်နေသော ဈေးနှုန်းထက် လျှော့ချဝယ်ယူရန်မှာလည်း မလွယ်ကူ၍ အခက်တွေ့နိုင်ကြောင်း သိရပါတယ်။ စိုးဝင်းမြင့် ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က "မြန်မာနိုင်ငံက အရောင်းအဝယ်က ဈေးတက်သွားရင် ချမရောင်းချင်ကြဘူး။ ချဝယ်ဖို့ကလည်း မလွယ်ဘူး။ ဒီအခြေအနေကို ကုန်သည်တွေ စောင့်ကြည့်ပြီး တစ်ပတ်လောက်နေမှ အတက်၊ အကျ အခြေအနေကို ပြောလို့ရမှာဖြစ်တယ်" လို့ ပြောပါတယ်။

ရွှေဆင်မင်းပွဲရုံပိုင်ရှင် ဦးမင်းအောင်က "တရုတ်ကိုတင်ပို့နေတဲ့ သီးနှံတွေ အားလုံးအတွက် တိုးမြှင့်ကောက်ခံတာ ဖြစ်တဲ့အတွက် မြေပဲ၊ ပဲတီစိမ်းနဲ့ တခြားသီးနှံဈေးနှုန်းတွေ အနည်းငယ်ကျဆင်းလာတယ်။ ဒီဈေးအတိုင်းဆိုရင် ဒီမှာ ဝယ်ထားတဲ့သူတွေက တင်ပို့ရာမှာ ဈေးကမကိုက်တော့တဲ့အတွက် အဆင်ပြေကြမှာမဟုတ်ဘူး" လို့ ပြောပါတယ်။ မန္တလေးမှ တရုတ်နိုင်ငံသို့ ပဲတီစိမ်း၊ မြေပဲ၊ နှမ်းတို့ကို အများဆုံးတင်ပို့နေပြီး ပဲတီစိမ်းမှာ အကောက်ခွန်နှုန်းတက်သွားခြင်းကြောင့် သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၃၀၀၀ ခန့် ကျဆင်းသွားပြီး မြေပဲမှာ တစ်ပိဿာလျှင် ကျပ် ၂၀၀ ခန့် ကျဆင်းသွားခဲ့ပါတယ်။ နှမ်းမှာပစ္စည်းလက်ကျန်နည်း၍ အတက်၊ အကျ မသိသာသေးကြောင်းသိရပါတယ်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/1945-beans-export.html

## တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ကြက်သွန်နီနှင့်ကြက်သွန်ဖြူတို့ Form D အသုံးပြုတင်ပို့နိုင်ရန်ပြင်ဆင်



တာချီလိတ်ကုန်သွယ်ရေးစခန်းအနေဖြင့် ကြက်သွန်နီနှင့်ကြက်သွန်ဖြူတို့ကိုလည်း Form D (အကောက်ခွန် ရှင်းလင်း ရေးလုပ်ငန်းများ) အသုံးပြုတင်ပို့နိုင်ရေးအတွက် ဌာနဆိုင်ရာများ၊ ကုန်သည်လုပ်ငန်းရှင်များနှင့်ပူးပေါင်းဆောင်ရွက် လျက်ရှိကြောင်း သိရသည်။ " Form D က ကုန်သွယ်လုပ်ငန်းရှင်တွေ မိမိနိုင်ငံရဲ့ထွက်ကုန်တွေကို နိုင်ငံခြားကို တင်ပို့တဲ့အခါ နိုင်ငံတွင်းမှာ ထုတ်လုပ်အရင်းခံအမှန်ဖြစ်ပါတယ် ဆိုတဲ့ အကြောင်း သက်သေခံပေးတဲ့ စာရွက်စာတမ်းပါ။ ဒါကိုတင်ပြထားရင် အကောက်ခွန်လျှော့ချနှုန်း ခံစားခွင့်၊ တောင်းခံခွင့် ရှိသလို၊ ကုန်သွယ်ရေးဌာနဘက်ကလည်း ဒါကိုစနစ်တကျစိစစ်ပြီးတော့ အချက်အလက်မှားနေရင် အခွန်လျှော့ချခွင့်ကို ငြင်းပယ်နိုင်တယ်" ဟု တာချီလိတ်နယ်စပ်ရှိ ပို့ကုန်လုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးအောင်ပိုင်စိုးက ပြောသည်။

အဆိုပါ ကုန်သွယ်ရေးစခန်းမှ ပိုမိုတင်ပို့နိုင်ခဲ့သည့် ကုန်ပစ္စည်းများမှာ ကြက်သွန်နီ၊ လက်ဖက်ခြောက်၊ ဖရဲသီး၊ တစ်သျှူးငှက်ပျော၊ ကြက်သွန်ဖြူ၊ ထောပတ်သီး၊ ကော်ဖီစေ့၊ လိမ္မော်သီး၊ သစ်ခေါက်နှင့် သတ္တုတွင်းထွက် (Manganese Dioxide) တို့ဖြစ်ကြောင်း သိရသည်။ လက်ရှိတွင် လိမ္မော်သီး၊ သစ်ခေါက်တင်ပို့မှုများနှင့်ပတ်သက်ကာ အခွန် သက်သာခွင့် အကျိုးခံစားမှုရှိသည့် Form D အား လျှောက်ထားရယူ တင်ပို့လျက်ရှိကြောင်းသိရသည်။ လက်ရှိတွင် ပြည်ပ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ဒသမ၅၃ သန်းခန့်ရရှိထားပြီး ယခင်နှစ် ဧပြီလကာလတူထက် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သုညဒသမ ၁၇၁ သန်းခန့် ပိုမိုတင်ပို့ဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှသိရသည်။ ယခုဘဏ္ဍာနှစ် ဧပြီလ၏ ကုန်သွယ်မှုလျာထားချက်မှာ ပို့ကုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၅ သန်းနှင့် သွင်းကုန်မှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၁၅ သန်းခန့် ကုန်သွယ်မှုပြုလုပ်နိုင်ရန် ခန့်မှန်းထားခဲ့ကြောင်းသိရသည်။

**Source:** http://www.amiamyanmar.com/detail.aspx?id=8017

## ပြည်ပမှ စပါးဝယ်ယူရန်ကမ်းလှမ်းလာပါက ပြည်တွင်းအခြေအနေကိုသုံးသပ်၍ ဆုံးဖြတ်သွားမည်ဟုဆို

လတ်တလောတွင် နွေစပါးပေါ်ချိန် စပါးဈေးကျဆင်းနေခြင်းကြောင့် ပြည်ပနိုင်ငံများမှ စပါးကိုတရားဝင်ဝယ်ယူရန် ကမ်းလှမ်းလာပါက ပြည်တွင်းဈေးကွက် အခြေအနေ၊ စားသုံးမှု၊ ပိုလျှံမှုများအပြင် အခြားအချက်များကိုသုံးသပ်၍ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ဆွေးနွေးဆုံးဖြတ်သွားမည်ဖြစ်ကြောင်း အသင်းချုပ်မှ ထုတ်ဖော်ပြောဆိုသည်။ "တရုတ်နဲ့ပဲဖြစ်ဖြစ်၊ ဘယ်နိုင်ငံနဲ့ပဲဖြစ်ဖြစ် ဆန်ကိုဖြစ်စေ၊ လုံးတီးကိုဖြစ်စေ၊ နောက်ဆုံးစပါးကို တရားဝင်ဝယ်ယူဖို့ ကမ်းလှမ်းလာမယ်ဆိုရင် ပြည်တွင်းဈေးကွက် အခြေအနေ၊ ပြည်တွင်းစားသုံးမှု၊ ပိုလျှံမှုစတာတွေကို ထောင့်စေ့အောင်

သုံးသပ်ပြီး အသင်းချုပ်မှာ ဆွေးနွေးဆုံးဖြတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ် ” မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်ကဆိုသည်။



လက်ရှိ ပြည်တွင်း၌ အခြေခံစပါးဈေးနှုန်း သတ်မှတ်ဝယ်ယူသည့် စနစ်ကို ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်က စတင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး၊ စပါးဈေး တည်ငြိမ်ရေး၊ လုပ်ကွက်ငယ် တောင်သူလယ်သမား အများစု၏ အကျိုးစီးပွား အတွက်ဟု ရည်ရွယ်ကာ (အစိုဓာတ် ၁၄ ရာခိုင်နှုန်း) ရှိပြီး အဖျင်းအမှော်၊ ဖုန်၊ သဲ၊ ခဲ စသောအရည်အသွေးပိုင်းဆိုင်ရာ သတ်မှတ် စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် ၄၆ ပေါင်တိုက် စပါးတင်း ၁၀၀ လျှင် အခြေခံဈေးနှုန်း ကျပ် ၅ သိန်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က သတ်မှတ် ပေးခဲ့ခြင်း ဖြစ်သည်။

အဆိုပါစနစ်ကို ပီပီပြင်ပြင် လုပ်ဆောင်နိုင်ရန် အစိုးရ၊ ပုဂ္ဂလိက ညှိနှိုင်းဆွေးနွေးဆောင်ရွက်သွားရန် လိုအပ်ပြီး၊ လက်ရှိ၌ ဆန်စက်ပိုင်များ၊ ကုန်သည်များ၊ ပြည်ပတင်ပို့သူများတွင် ငွေမလည်ပတ်ခြင်း၊ အရောင်းအဝယ် မကောင်းခြင်းများကြောင့် အခက်တွေ့နေရကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ကဆိုသည်။ လက်ရှိတွင် စပါး ဈေးနှုန်းမှာ ကျပ် ငါးသိန်းအောက်သို့ ရောက်ရှိနေပြီး၊ တောင်သူများမှာ အကြွေးစနစ်ဖြင့်ရောင်းချနေရသည့် အနေအထားဖြစ်ကြောင်း ရေဝတီတိုင်း၊ ဓနုဖြူမြို့နယ်မှ တောင်သူဦးသိန်းအောင်ကဆိုသည်။ “ လက်ရှိအခက် အခဲကနေ ကျော်ဖြတ်ရုံးထွက်ဖို့ အစိုးရ၊ ပုဂ္ဂလိကလုပ်ငန်းရှင်တွေ၊ အသင်းအဖွဲ့တွေ၊ တောင်သူလယ်သမားတွေ ပူးပေါင်းညှိနှိုင်း ကြိုးပမ်းရမှာဖြစ်ပါတယ်။ စည်းလုံးညီညွတ်မှုလည်း လိုအပ်ပါတယ်။ တောင်သူ လယ်သမားတွေအတွက် စပါးပေါ်ချိန် ဈေးမကျအောင် ဆောင်ရွက်ပေးကြဖို့ အဓိကလိုအပ်ပါတယ် ” ဦးရဲမင်းအောင်က ဆိုသည်။

လက်ရှိ နွေစပါးပေါ်ချိန် စပါးဈေးကျဆင်းနေသည့် ကိစ္စနှင့် ပက်သက်၍ မြန်မာနိုင်ငံဆန် စပါးအသင်းချုပ် အနေဖြင့် အစိုးရဌာနဆိုင်ရာများသို့ အကြိမ်ကြိမ် တင်ပြထားသည်ဟု သိရပြီး၊ ဝယ်လိုအား မြှင့်တက်စေ ရန် နည်းလမ်းမျိုးစုံဖြင့် ကြိုးစားဆောင်ရွက်နေသည်ဟုလည်း ၎င်းကဆိုသည်။ လက်ရှိတွင် ပြည်တွင်းလယ်ယာစိုက်ပျိုးရေး လုပ်ငန်းအတွက် အစိုးရမှ ရာသီအလိုက် ထုတ်ချေးပေးလျှက် ရှိ သည့် စိုက်ပျိုးစရိတ်ချေးငွေမှာ စပါးပေါ်ပြီး လအနည်းငယ်မှာပင် ပြန်လည်ပေးဆပ်ရခြင်းဖြစ်ရာ တောင်သူများ အနေဖြင့် စပါးပေါ်ချိန်တွင် စိုက်စရိတ်ချေးငွေ ပေးဆပ်နိုင်ရေးအတွက် ရရာဈေးဖြင့် ရောင်းချနေရခြင်းကြောင့် ဈေးနိမ့်ခံရမှုများ ဖြစ်ပေါ်နေကြောင်း သိရသည်။

**Source:** http://www.amiamyanmar.com/detail.aspx?id=8016

## မြန်မာ့သစ်သီးဝလံများအား လွတ်လပ်စွာတင်ပို့ခွင့်ရရှိရေးအတွက် အချက်အလက်များကို တရုတ်အကောက်ခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ထံပေးပို့ထား



မြန်မာ့သစ်သီးဝလံသီးနှံများ တရုတ်နိုင်ငံသို့ တရားဝင် လွတ်လပ်စွာတင်ပို့ခွင့်ရရှိနိုင်ရေးအတွက် လိုအပ်သည့်အချက် လက်များနှင့် မေးခွန်းများကို တရုတ်နိုင်ငံ အကောက်ခွန် အထွေထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ထံ ပေးပို့ထားပြီဖြစ် ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးသူက “သစ်သီးဝလံကဏ္ဍ ဖွံ့ဖြိုး လာဖို့ ပိုမိုတင်ပို့လာနိုင်ဖို့ ထောပတ်သီးဆိုလည်း တရားဝင် ပို့နိုင်ဖို့ ဆွေးနွေးပွဲတွေ ကျင်းပပြီးလုပ်နေသလို တဖက်မှာ လည်း AQSIQ မယ် တရားဝင်ဖြစ်လာအောင် ဆောင်ရွက် နေတယ် ” ဟု ပြောသည်။

လက်ရှိတွင် တစ်သျှူးငှက်ပျော၊ သံပရာသီး၊ နာနတ်သီး၊ ထောပတ်သီးနှင့် ကျွဲကောသီးများနှင့် ပတ်သက်သည့် အချက်အလက်များကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ စာရင်းပြုစုကာ တရုတ်နိုင်ငံ အစိုးရဘက်သို့ ပေးပို့ထားခြင်း ဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံ အကောက်ခွန် အထွေထွေ အုပ်ချုပ်မှု အာဏာပိုင်အဖွဲ့တို့ ပူးပေါင်း၍ အပင်နှင့် တိရစ္ဆာန်ထွက် ကူးစက်ရောဂါ

ပိုးမွှားစစ်ဆေးရေးဌာနမှ ကျွမ်းကျင်ပညာရှင်များ လာရောက်၍ ကွင်းဆင်းလေ့လာမှုများ ပြုလုပ်နိုင်ရေး နိုင်ငံအကြား ချိတ်ဆက်လျက်ရှိကြောင်း သိရသည်။ လက်ရှိတွင် တရုတ်နိုင်ငံသို့ မြန်မာနိုင်ငံမှ ဖရဲ၊ သခွား၊ သရက်၊ နာနတ်၊ ထောပတ်၊ ချဉ်ပေါင်ဖာလာ၊ ဂဥ၊ ဆီးသီးခြောက် စသည်တို့ကို တင်ပို့လျက်ရှိသည်။

ပြီးခဲ့သည့် ဧပြီလ ၂၉ ရက်က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ပေကျင်းမြို့ရှိ General Administration of Custom,People Republic of China ဌာနချုပ်တွင် Department of Supervision onAnimal and Plant Quarantine မှ Director General Mr. Li Jianwei အားတွေ့ဆုံ၍ မြန်မာနိုင်ငံမှ သစ်သီးဝလံများ တရုတ်နိုင်ငံသို့ တင်ပို့ရာတွင် တွေ့ကြုံရသော အခက်အခဲများ ပူးပေါင်းဖြေရှင်း နိုင်ရေး၊ GACC မှ ထုတ်ပြန်သည့် သီးနှံတင်သွင်းမှုဆိုင်ရာ ထုတ်ပြန်ချက်များ၊ စည်းကမ်းသတ်မှတ်ချက် သတင်းများဖလှယ်ရေး၊ ထပ်မံ အဆိုပြုထားသည့် သီးနှံများကို ဈေးကွက်ပေါ်မူတည်၍ အမြန်ဆုံး တင်ပို့ခွင့်ရရှိလာစေရန် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ပြည်တွင်း သစ်သီးဂလံကဏ္ဍ တိုးတက်လာစေရန် ထုတ်လုပ်တင်ပို့ ရောင်းချနေသည့် တောင်သူများ အကျိုး အတွက် အဆိုပါကန့်သတ်ချက်များအပေါ် ခြွင်းချက်ဖြင့် ဖြေလျော့ပေးခြင်း၊ လယ်ယာသုံးပစ္စည်းများအား ပြည်ပမှ တင်သွင်းရာတွင် ကုန်သွယ် လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုထားသကဲ့သို့သစ်သီးဂလံများ စိုက်ပျိုးထုတ်လုပ် ပြည်ပတင်ပို့ ရာတွင် အသုံးပြုသောသစ်သီး စွပ်အိတ်များ၊ ဂျပ်ဖာများနှင့် ထုပ်ပိုးပစ္စည်းများ တင်သွင်းရာတွင်လည်း ကုန်ကျစရိတ်များ လျှော့ချရန်နှင့် ပြည်ပမှ တရားမဝင်ဝင်ရောက်လာသည့် သစ်သီးများ တားမြစ်နိုင်ရန် လိုအပ်ကြောင်း သိရသည်။

မြန်မာသစ်သီးဂလံများ ပြည်ပသို့တင်ပို့မှုများအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တန်ချိန် ခုနစ်သိန်းခန့် အမေရိဒေါ်လာသန်းပေါင်း ၁၀၇ဒသမ၁၄၁၊ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် တန်ချိန် ၅၆၀,၀၀၀ ကျော် အမေရိကန် ဒေါ်လာ သန်း ၆၀ ကျော်၊ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် တန် ၆၀၀,၀၀၀ ကျော်၊ အမေရိကန်ဒေါ်လာ ၆၁ သန်း ကျော်၊ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် တန် ၆၈၀,၀၀၀ ကျော် အမေရိကန်ဒေါ်လာ သန်း ၆၆ ကျော် အသီးသီးရရှိ ခဲ့သည်။

**Source:** http://www.amiamyanmar.com/detail.aspx?id=8012

## ပြည်ပသို့ စပါးတင်ပို့ခွင့်ပေးနိုင်ကြောင်း စီးပွားကူးသန်းပြော




အချိန်ကာလနှင့် အရေအတွက်ထိန်းပြီး ပြည်ပသို့တရားဝင်စပါး တင်ပို့ခွင့်ပြုပေးနိုင်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြော သည်။ ပြည်တွင်း၌ ယခင်နှစ်ဆန်လက်ကျန် တန်ချိန်တစ်သန်း ကျော် အပိုရှိပြီး နွေစပါးအသစ်ပေါ်ချိန်တွင် စပါးဈေးကျဆင်းနေ သည်။ ပြည်တွင်းစပါးဈေးနှုန်း ကျဆင်းမှုသည် ဝယ်လိုအား နည်းခြင်းကြောင့်ဖြစ်ပြီး ပြည်ပနိုင်ငံများမှ ဝယ်ယူရန် ကမ်းလှမ်းပါက ဆွေးနွေးသုံးသပ်ပြီး ခွင့်ပြုနိုင်မည်ဟု မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်ကပြောကြားသည်။ "ပို့မယ် ဆို လည်း အတိုင်းအတာတစ်ခုပေါ့။ ဘယ်လောက်ပို့မယ်၊ ဘယ်ကာလ အထိပို့မယ်ဆိုတာ တွက်ပြီးရင် ဒါကဆောင်ရွက်ပေးလို့ ရပါတယ်" ဟု ဦးခင်မောင်လွင်ကပြောသည်။

တရုတ်နိုင်ငံက မြန်မာနိုင်ငံမှ စပါးကို ၂၀၁၈ မိုးစပါးပေါ်ချိန်က လယ်ကွင်းထဲ အရောက်ဆင်းပြီး တရားမဝင် ဝယ်ယူမှုများရှိခဲ့သည်။ ပေါက်ဈေးထက်ပိုပေးပြီး တင်း ၁၀၀ လျှင် ကျပ်ခြောက်သိန်းခွဲခန့်ဖြင့် ဝယ်ယူခြင်းဖြစ်သည်။ သို့သော် တရားမဝင်ဝယ်ယူမှုကြောင့် ရှမ်းပြည်နယ် နမ့်ခမ်းမြို့တွင် ဌာနပေါင်းစုံပူးပေါင်းအဖွဲ့က စပါးတင်ပို့သည့် ခြောက်ဘီးယာဉ် ၁၇ စီးကို ဖမ်းဆီးပြီး နောက်ပိုင်း အဝယ်ရပ်သွားကြောင်း ပဲခူးတိုင်းမှ လယ်သမားအချို့က ပြောသည်။ တရုတ်နိုင်ငံသို့ တရားမဝင် စပါးတင်ပို့မှုများကို ဖမ်းဆီးခြင်းကြောင့် ပြည်တွင်းတွင် မိုးစပါးတင်း ၁၀၀ လျှင် ၂၀ ရာခိုင်နှုန်းခန့် ဈေးကျခဲ့ကြောင်း ပဲခူးတိုင်းအရှေ့ ဆန်စပါးအသင်းတာဝန်ရှိသူအချို့က ပြောသည်။ လက်ရှိ တရားဝင် စပါးတင်ပို့ခွင့်ပြုပေးလျှင် ယခင်ကဲ့သို့ ဝယ်ယူမည့် ကုန်သည်များရရှိရန် မလွယ်သေးကြောင်း ၎င်းတို့က ပြောသည်။ "စပါးပို့ခွင့်ပေးလည်း ဝယ်သူရှိမှလေ"ဟု ပဲခူးတိုင်းအရှေ့ခြမ်းမှ လယ်သမားဦးဝင်းဌေးကပြောသည်။ လက်ရှိပဲခူးတိုင်း

အရှေ့ခြမ်းတွင် စပါးဈေးနှုန်းက မျိုးစုံဖြစ်နေပြီး စပါးအရည်အသွေးနှင့် အလေးချိန်ပေါ် မူတည်ပြီး ပျမ်းမျှတင်း ၁၀၀ လျှင် အများဆုံး ကျပ်လေးသိန်းကိုးသောင်းမှ လေးသိန်းခွဲအကြား ပေါက်ဈေးရှိကြောင်း ၎င်းကပြောသည်။

**Source:** http://www.7daydaily.com/story/155926

## ပြည်ပမှ သစ်လုံးတန် ၆၀ ခန့် ပထမဆုံးအကြိမ်တင်သွင်း



သစ်အခြေခံစက်ရုံများ ကုန်ကြမ်းလိုအပ်ချက် မြင့်မားလာသဖြင့် အာဖရိကတိုက်ရှိ ကွန်ဂိုနိုင်ငံမှ သစ်လုံးတန် ၆၀ ခန့်ကို ပြည်တွင်းသို့ တင်သွင်းခဲ့ကြောင်း အဆိုပါ သစ်လုံးများ တင်သွင်းခဲ့သည့် Jewellery Teak Timber ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ ဦးသိန်းချိုကပြောသည်။

သမိုင်းတစ်လျှောက် သစ်တင်ပို့ရောင်းချခဲ့သည့် မြန်မာနိုင်ငံသည် ယခင်က ပြည်ပနိုင်ငံများမှ သစ်ခွဲခြမ်းနှင့် အချောထည်များသာ တင်သွင်းခဲ့ဖူးသော်လည်း ယခုကဲ့သို့ သစ်အလုံးလိုက် တင်သွင်းမှုသည် ပထမဆုံးအကြိမ် ဖြစ်သည်။ မြန်မာနိုင်ငံ၌ သစ်ထုတ်လုပ်မှု လျှော့ချသည့်နောက်ပိုင်း တွင် သစ်အခြေခံစက်ရုံများ၏ ကုန်ကြမ်းလိုအပ်ချက် များပြားလာသဖြင့် ပြည်ပနိုင်ငံမှ သစ်အလုံးလိုက် တင်သွင်းခြင်းဖြစ်သည်ကြောင်း ၎င်းကဆိုသည်။ သစ်ပါးလွှာထုတ်လုပ်ပြီး ပြည်ပဈေးကွက်သို့ ပြန်လည်တင်ပို့ရန် အင်ကညင်နှင့်ဆင်တူသည့် အာဖရိကတိုက်မှ KOSIPO အမည်ရှိသစ်အမျိုးအစား သစ်လုံး ၁၀ လုံးကို ကွန်တိန်နာလေးလုံးဖြင့် တင်သွင်းခြင်းဖြစ်သည်။

သစ်ကုန်ကြမ်း မြင့်မားနေခြင်းနှင့်အတူ ဝယ်လိုအားမြင့်တက်နေသောကြောင့် မြန်မာ့သစ်လုပ်ငန်း၏ အိတ်ဖွင့်တင်ဒါ၊ ဈေးပြိုင်တင်ဒါများတွင် သစ်လုံးကုန်ကြမ်းဈေးနှုန်းများ မတန်တဆမြင့်မားနေပြီး ပြည်တွင်းရှိ လုပ်ငန်းရှင်များနှင့် အသေးစား၊ အလတ်စား သစ်အခြေခံစက်မှုလုပ်ငန်းရှင်များ ယှဉ်ပြိုင်နိုင်စွမ်းမရှိဘဲ မိမိတို့စက်ရုံလည်ပတ်နိုင်ရေး၊ စက်ရုံလုပ်သားများ စားဝတ်နေရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ဖြေရှင်းဆောင်ရွက်နေသည်ဟု ၎င်းက ဆိုသည်။ မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းနှင့် သစ်လုပ်ငန်းရှင်အသင်းက အဆိုပါပြဿနာများကို တစ်စိတ်တစ်ပိုင်း ဖြေရှင်းနိုင်ရေး ဆွေးနွေးခဲ့ရာ ပုဂ္ဂလိကသစ်တောစိုက်ခင်းများတည်ထောင်ခြင်းနှင့် သဘာဝသစ်တောများမှ သစ်ခုတ်လှဲထုတ်လုပ်ရောင်းချနေသော အာဖရိကနှင့်ပစိဖိတ်သမုဒ္ဒရာကျွန်းနိုင်ငံများမှ သစ်ကုန်ကြမ်းတင်သွင်းခြင်းတို့ နည်းလမ်းနှစ်ခုတွေ့ရှိခဲ့သည်။

သို့ရာတွင် ပုဂ္ဂလိကသစ်တောစိုက်ခင်းများ တည်ထောင်ခြင်းနည်းလမ်းသည် အချိန်ကာလတစ်ခု စောင့်ဆိုင်းရခြင်း၊ အချို့ သစ်မျိုးများသည် ကြီးထွားနှုန်းအရ သစ်တောစိုက်ခင်းတည် ထောင်၍ တွက်ခြေမကိုက်ခြင်းတို့ကြောင့် ပြည်ပမှ သစ်ကုန်ကြမ်းတင်သွင်းခြင်း နည်းလမ်းကို ဦးစားပေး ရွေးချယ်၍ စမ်းသပ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။ အာဖရိကနိုင်ငံမှ သစ်အလုံးလိုက် တင်သွင်းမှုကို ကွန်တိန်နာလေးလုံးဖြင့် စမ်းသပ်တင်သွင်းခြင်းဖြစ်ပြီး ပိုမိုတင်သွင်းလာနိုင်မည်ဆိုပါက ပြည်တွင်းရှိ သဘာဝသစ်တောများအပေါ် မှီခိုမှုမရှိသလောက် လျော့နည်းလာမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

"အခုလို ပြည်ပကတင်သွင်းလာတဲ့အတွက် အကျိုးအများကြီးရှိပါတယ်။ စက်ရုံများမှ ကုန်ကြမ်းလိုအပ်ချက်ကို သဘာဝသစ်တောများအား မှီခိုနေရတဲ့အပေါ် အထိုက်အလျောက် လျော့နည်းလာမှာ ဖြစ်ပါတယ်" ဟု ဦးသိန်းချိုက ပြောသည်။ အာဖရိကနိုင်ငံမှ တင်သွင်းသည့် သစ်လုံးများသည် ချက်ချင်း ခုတ်လှဲပြီး သင်္ဘောတင်ချိန်မှ မြန်မာနိုင်ငံသို့ ရောက်ချိန်အထိ နှစ်လခန့်သာကြာမြင့်ရာ အရည်အသွေးကောင်းမွန်သည့် သစ်လုံးများရရှိကြောင်း ၎င်းက ပြောသည်။ လက်ရှိတွင် သစ်တောဦးစီးဌာနက ပဲခူးရိုးမတွင် သစ်ထုတ်လုပ်မှု ၁၀ နှစ်နှင့် ကျန်ပြည်နယ်၊ တိုင်းများတွင် သစ်ထုတ်လုပ်ခြင်း တစ်နှစ်ခန့်ရပ်ဆိုင်းမည်ဟု ၂၀၁၆ တွင် ကြေညာခဲ့ပြီးနောက်ပိုင်း ပြည်နယ်နှင့်တိုင်းများ၌ သစ်ထုတ်လုပ်မှု လျှော့ချမှုများ ဆက်လက်ဆောင်ရွက်နေကြောင်း သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင်က ပြောသည်။ ယင်းအတွက် သစ်အခြေခံစက်ရုံများ ကုန်ကြမ်းရရှိစေရန် ပြည်တွင်း၌ထွက်ရှိသည့် သစ်မျိုးကလွဲ၍ အခြားသစ်မျိုးများကို ပြည်တွင်းသို့ တင်သွင်းခွင့်ပြုထားကြောင်း ၎င်းက ဆိုသည်။ "ပွင့်ပွင့်လင်းလင်း ပြောရရင် ကျွန်တော်တို့နိုင်ငံက သစ်ပင်ကိုမခုတ်ဘဲနဲ့ သူများနိုင်ငံက သစ်ကိုဝယ်သုံးတာ အကောင်းဆုံးပဲ" ဟု

ဦးကျော်ကျော်လွင်က ပြောသည်။

Source: http://www.7daydaily.com/story/155859

## ရာသီပေါ်သစ်သီး ၁၃ မျိုး နယ်စပ်ကနေ တင်သွင်းခွင့်ပြု



ပြည်တွင်းမှာ ထွက်ရှိတဲ့ ရာသီပေါ်သစ်သီး ၁၃ မျိုးကို ကာလသတ်မှတ်ပြီး နယ်စပ်လမ်းကြောင်းကနေ တင်သွင်းခွင့်ပြုကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားပါတယ်။

နယ်စပ်ကနေတင်သွင်းခွင့်ပြုတဲ့သစ်သီး အမျိုးအစား ၁၃ မျိုး အတွက် တင်သွင်းခွင့်ပြုတဲ့ကာလနဲ့ တင်သွင်းခွင့်ပြုတဲ့စခန်းတွေကိုလည်း ဖော်ပြထားပါတယ်။ တင်သွင်းခွင့်ပြုလိုက်တာဟာ ပြည်တွင်းစားသုံးမှု လိုအပ်ချက်အရ ဖြစ်တယ်လို့လည်း သိရပါတယ် ။

တင်သွင်းခွင့်ပြုတဲ့ သစ်သီးတွေကတော့ (က)ပန်သီး၊ သစ်တော်သီး၊ စပျစ်သီး၊ ချယ်ရီသီး၊ မန်ကျည်းသီး၊ စွန်ပလွန်သီး (ရာသီမရွေး-စခန်းအားလုံး)၊ (ခ) ပျားလိမ္မော်(မတ်လမှ စက်တင်ဘာလအထိ-စခန်းအားလုံး)၊ (ဂ) ဒူးရင်းသီး (စက်တင်ဘာလမှ ဧပြီလအထိ-စခန်းအားလုံး) ၊ (ဃ) ကြက်မောက်သီး (စက်တင်ဘာလမှ မတ်လကုန်အထိ- မြဝတီစခန်း၊ တစ်နှစ်ပတ်လုံး- တာချီလိတ်စခန်း)၊ (င) တယ်သီး၊ သလဲသီး(ရာသီမရွေး-စခန်းအားလုံး)၊ (စ) နဂါးမောက်သီး (ဒီဇင်ဘာလမှ မေလအထိ-စခန်းအားလုံး)၊ (ဆ) ဆန်းကစ်သီး (ဖေဖော်ဝါရီလမှ စက်တင်ဘာလထိ-စခန်းအားလုံး)၊ (ဇ) ခြင်းလိမ္မော်သီး (တစ်နှစ်ပတ်လုံး-စခန်းအားလုံး)၊ (ဈ) မင်းကွတ်သီး(ဇန်နဝါရီလမှ မတ်လအထိနဲ့ အောက်တိုဘာလမှ ဒီဇင်ဘာလအထိ-စခန်းအားလုံး၊ ရာသီမရွေး-တာချီလိတ်စခန်း)၊ (ည) ပိန္နဲသီး (ဇန်နဝါရီလနဲ့ ဖေဖော်ဝါရီလ နှစ်လသာ-စခန်းအားလုံး)၊ (ဋ) လောင်ဂန်သီးနဲ့ ရေငန်သီးများ (တစ်နှစ်ပတ်လုံး-စခန်းအားလုံး)၊ (ဌ) သံပယိုသီး (တစ်နှစ်ပတ်လုံး-တာချီလိတ်စခန်း၊ ဒီဇင်ဘာ၊ဇန်နဝါရီလနဲ့ဖေဖော်ဝါရီလ-ကျန်စခန်းများ)နဲ့ (ဍ) သရက်သီး (တစ်နှစ်ပတ်လုံး-တာချီလိတ်စခန်း၊ အောက်တိုဘာမှ ဧပြီလအထိ-ကျန်စခန်းများ)တို့ ဖြစ်ပါတယ်။

သည်သစ်သီးတွေကို ပြည်ပမှတင်သွင်းခြင်းအတွက် သတ်မှတ်လုပ်ထုံးလုပ်နည်းနဲ့အညီဆောင်ရွက်မှာဖြစ်ပြီးသွင်းကုန်လိုင်စင်လျှောက်ထားဖို့လိုအပ်တဲ့ သစ်သီးတွေအတွက်တော့ စိုက်ပျိုးရေးဦးစီးဌာနရဲ့တင်သွင်းခွင့် ထောက်ခံချက်လက်မှတ် (IC)နဲ့ အတူ သွင်းကုန်လိုင်စင်လျှောက်ထားရမှာ ဖြစ်ပါတယ်။ရာသီပေါ်သစ်သီးများကာလ သတ်မှတ်ကာ နယ်စပ်ဒေသမှ တင်သွင်းခွင့်ပြုခြင်းကို ပြည်တွင်းစိုက်ပျိုးထွက်ရှိမှုပေါ်မူတည်ပြီး ပြောင်းလဲသတ်မှတ်မယ်လို့လည်း ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

Source: WWW.KUMUDRANEWS.COM/NEWS-33419

## STOCK EXCHANGE (13.5.19)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 13th May. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | -1,000 | -8.33% | 12,000 | 12,000 | 11,000 | 8,643 | 100,120,500 | 27,112,747 | 298,240 |
| MTSH | 00002 | 3,200 | +50 | +1.59% | 3,200 | 3,250 | 3,200 | 15,765 | 50,839,250 | 38,929,150 | 124,573 |
| MCB | 00003 | 7,500 | +100 | +1.35% | 7,500 | 7,500 | 7,500 | 2 | 15,000 | 10,400,986 | 78,007 |
| FPB | 00004 | 24,000 | +1,000 | +4.35% | 23,000 | 24,000 | 23,000 | 60 | 1,408,000 | 2,472,053 | 59,329 |
| TMH | 00005 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 4,034 | 12,102,000 | 12,212,906 | 36,639 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 437.13 | -15.86 | -3.50% | 454.42 | 454.42 | 437.13 | 28,504 | 164,484,750 | 5 | 596,788 |


### Index chart




## Market Overview

As of 12:00 pm, 13th May. 2019

| MYANPIX | 446.82 ▼ 6.17 |
|---|---|
| Total Volume (shares) | 26,273 |
| Total Value (MMK) | 154 mil |
| Listed Company | 5 |
| Market Cap. (MMK) | 610,016 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▼ 500 |
| MTSH | 00002 | 3,250 | ▲ 100 |
| MCB | 00003 | 7,400 | ▲ 0 |
| FPB | 00004 | 23,500 | ▲ 500 |
| TMH | 00005 | 3,000 | ▲ 0 |